**တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ (၂၁-၉-၂၀၂၆)**
**မေးမြန်းခဲ့သော မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်**

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁ | **ဒေါ်ဆွေဆွေသင်း၊ ပေါင်းတည်မဲဆန္ဒနယ်**က ပေါက်ခေါင်းမြို့နယ်ရှိ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန အတွက် ရုံးအဆောက်အဦအသစ်အား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**က ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ရုံးအင်္ဂါရပ်များနှင့်ညီညွတ်မှုမရှိသည့် အိုမင်းဟောင်းနွမ်းနေသည့် ဌာနပိုင် ရုံးအဆောက်အဦများနှင့် ဝန်ထမ်းအိမ်ရာများအား အသစ်ပြန်လည်ဆောက်လုပ်နိုင်ရေး လျာထားတင်ပြ တောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် ဦးစားပေးအစီအစဉ် အလိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၂ | **ဦးသန်းထွန်းဦး၊ ကျိုင်းတုံမဲဆန္ဒနယ်**က ရှမ်းပြည်နယ်(အရှေ့ပိုင်း) နယ်စပ်မြို့များသို့ နိုင်ငံခြားခရီးသွားများ စနစ်တကျဝင်ရောက်ခွင့်ကို (ယာယီ)ရပ်ဆိုင်းထားခြင်းအား ပြန်လည်ခွင့်ပြုပေးရန် အစီအစဉ် ရှိ၊ မရှိ၊ မရှိပါကအဘယ်ကြောင့်နည်းနှင့် ရှိပါကမည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**က ထိုင်းနိုင်ငံသားများအား နိုင်ငံကူးလက်မှတ်၊ ဗီဇာဖြင့်လည်းကောင်း၊ တတိယနိုင်ငံသားများအား နိုင်ငံကူးလက်မှတ်၊ ဗီဇာအပြင် Package Tour သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိပါ က Package Tour ဖြင့်လည်းကောင်း အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ပေါက် (မြဝတီနယ်စပ်ဂိတ်မပါ) များမှ ထွက်ခွာခွင့်ပြုလျက်ရှိပါကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၃ | **ဦးထွန်းလွင်၊ ချောင်းဦးမဲဆန္ဒနယ်**က ချောင်းဦးမြို့ပေါ်ရပ်ကွက် (၄)ခု ရေကြီးနစ်မြုပ်မှုမှ ကင်းလွတ်စေရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **နေပြည်တော်ကောင်စီ**က ရေစီးရေလာကောင်းမွန်ရေး အရှေ့မအုပ်ရပ်ကွက် ရေကျော်နေရာတွင် တံတားတစ်စင်းနှင့် တမာမြိုင်ရပ်ကွက်တွင် လိုအပ်ချက်နှင့်ကိုက်ညီသော တံတားတစ်စင်းတို့အား ရန်ပုံငွေရရှိမှု အပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၄ | **ဦးဝင်းဆွေ(ခ)ဦးဝင်းရွှေ၊ လပွတ္တာမဲဆန္ဒနယ်**က လပွတ္တာမြို့နယ် မြို့မဈေးအား ဈေးဝယ်စင်တာအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **နေပြည်တော်ကောင်စီ**က ဈေးသစ်ပြန်လည်တည်ဆောက်ရန် လတ်တလော အစီအစဉ် မရှိသေးပါကြောင်းနှင့် ဈေးသူ/ဈေးသားများ၏ ဆန္ဒနှင့် အညီ ခေတ်မီသော ဈေးသစ်အဖြစ် အကျိုးတူရင်းနှီးမြှုပ်နှံလိုသော ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းရှင်များရှိပါ က အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၅ | **ဦးအောင်ကိုလတ်၊ တမူးမဲဆန္ဒနယ်**က တမူးမြို့၊ မြို့မအမှတ်(၂) ရပ်ကွက်၊ အ.မ.က-၂ (မူလွန်) ကျောင်းရှိ ကျောင်းဆောင်ဟောင်း အား မည်သည့်ကာလတွင် အသစ်ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပညာရေးဝန်ကြီးဌာန**က အန္တရာယ်ရှိသည့် ကျောင်းဆောင်ဟောင်းအား ဖျက်သိမ်းပြီး (၁၄၀x၃၀)ပေ RCC(၂)ထပ် ဆောက်လုပ်ရန်နှင့် အဆိုပါ ကျောင်းတွင် (၉၀x၃၀)ပေ တစ်ထပ်ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန် အတွက် လာမည့်ဘဏ္ဍာနှစ်များတွင် ငွေလုံးငွေရင်း ရန်ပုံငွေရရှိမှု အပေါ်မူတည်၍ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
| --- | --- | --- |
| ၆ | **ဦးညွန့်ဝင်း၊ မြစ်ကြီးနား မဲဆန္ဒနယ်**က မြစ်ကြီးနားမြို့နယ်၊ ရမ်ပူရပ်ကွက်၊ အထက (ကျောင်းခွဲ) အမှတ် (၂) တွင် နှစ်ထပ်ကျောင်းဆောင်တစ်ခု တည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပညာရေးဝန်ကြီးဌာန**က မြေနေရာ လုံလောက်မှုအပေါ် မူတည်၍ စာသင်ခန်း (၁၂)ခန်းစာ (၁၄၀x၃၀)ပေ RCC (၃)ထပ် ဆောက်လုပ်ရန် လာမည့်ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်း ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၇ | **ဒေါက်တာကျော်ကျော်ဌေး၊ ထားဝယ်မဲဆန္ဒနယ်**က ထားဝယ်မြို့နယ်၊ အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်းရှိ အန္တရာယ်ရှိ အဆောက်အဦအား သုံးထပ်ဆောင်အသစ်အဖြစ် မည်သည့်အချိန်တွင် ဆောက်လုပ်ပေးနိုင်မည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပညာရေးဝန်ကြီးဌာန**က အန္တရာယ်ရှိ ကျောင်းဆောင်ဟောင်းအား ဖျက်သိမ်း၍ ဆောက်လုပ်ပေးရမည့် ကျောင်းဆောင်အသစ်အား လာမည့်ဘဏ္ဍာနှစ်များတွင် ငွေလုံးငွေရင်း ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၈ | **ဦးလှမြင့်၊ မတ္တရာမဲဆန္ဒနယ်**က မတ္တရာမြို့နယ်တွင် ဆရာ/ဆရာမအင်အား ပြည့်စုံလုံလောက်မှုမရှိပါ၍ ဆောလျင်စွာ ဖြည့်ဆည်းပေးနိုင်မည့် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပညာရေးဝန်ကြီးဌာန**က B.A(Edu), B.Sc(Edu) သင်တန်းဆင်းများ၊ ဆရာ၊ ဆရာမများအပြောင်းအရွှေ့နှင့် ရာထူးတိုးများဆောင်ရွက်ချိန်တွင် ဆန္ဒပြုသူရှိပါက ဖြည့်ဆည်းခန့်ထားပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၉ | **ဦးတင့်လွင်၊ နတ်တလင်းမဲဆန္ဒနယ်**က နတ်တလင်းမြို့နယ်အတွင်းရှိ ရွာသာကုန်း – ဇီးပင်ကွင်း – ရှမ်းကုန်း – လက်ခုတ်ပင် ကျေးရွာချင်းဆက်လမ်း ပျက်စီးနေပါသဖြင့် ကွန်ကရစ်လမ်းအဖြစ် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**က ရာသီမရွေးသွားလာနိုင်သည့် လမ်းအဖြစ်အသုံးပြုနိုင်ရေး မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်း (၂)ဖာလုံကို ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁၀ | **ဒေါ်မြင့်စန္ဒာအောင်၊ မြောင်းမြမဲဆန္ဒနယ်**က မြောင်းမြမြို့နယ် ရေကျော်ကျေးရွာအုပ်စုနှင့် လပွတ္တာမြို့နယ် ရေဆိုင်ကျေးရွာအုပ်စု တို့ကို ဆက်သွယ်သည့် ရေကျော်-ရေဆိုင်လမ်းအား ကျောက်ချော လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**က ရာသီမရွေးသွားလာ နိုင်သည့်လမ်းအဖြစ် ဆောင်ရွက်လျက်ရှိရာ သတ်မှတ်သည့် လမ်းတာ အကျယ်နှင့် အမြင့်ရရှိပြီးပါ ကကျောက်ချောလမ်းခင်းခြင်းကို ဘဏ္ဍာနှစ် အလိုက် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း ဖြေကြားပါသည်။ |
| ၁၁ | **ဦးသန်းနိုင်၊ ဝါးခယ်မမဲဆန္ဒနယ်**က ဝါးခယ်မမြို့နယ်၌ သရွတ်သွတ် ချောင်းကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိ လိုခြင်း မေးမြန်းပါသည်။ | **သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**က သတ်မှတ်လမ်းနယ် အကျယ်ရရှိအောင် ကနဦးဆောင်ရွက်ပြီးမှသာ တံတားတည်ဆောက် ခြင်းလုပ်ငန်းကို စတင်ရမည်ဖြစ်ပါ၍ လတ်တလောတွင် ဆောင်ရွက် ပေးနိုင်ခြင်းမရှိသေးပါကြောင်း ဖြေကြားပါသည်။ |
| ၁၂ | **ဦးကျော်မင်းထွန်း၊ ဇီးကုန်းမဲဆန္ဒနယ်**က ဇီးကုန်းမြို့နယ် အမှတ်(၂) ရပ်ကွက် ရွှေဘုံသာတံတား ပျက်စီးနေမှုအား အသစ်တည်ဆောက်ရန် သို့မဟုတ် ပြုပြင်ရန် မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**က ရွှေဘုံသာတံတား အသစ်တည်ဆောက်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ရန်ပုံငွေတွင် ပထမ ဦးစားပေး လျာထားတင်ပြပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |